# အခန်း(၃) သူငယ်တန်းသင်ရိုးညွှန်းတမ်းအညွှန်းဘောင်

**အခန်းရည်ရွယ်ချက်**

သူငယ်တန်း သင်ရိုးညွှန်းတမ်း၏ သဘောသဘာဝနှင့် သင်ရိုးပါနယ်ပယ်များအကြောင်းကို နားလည်သဘောပေါက်သည်။

**အခန်း(၃)တွင် လေ့လာသင်ယူရမည့်အကြောင်းအရာများ**

- သင်ရိုးညွှန်းတမ်းဆိုတာဘာလဲ။
- သူငယ်တန်းသင်ရိုးညွှန်းတမ်းအညွှန်းဘောင်
- သင်ယူဖွံ့ဖြိုးမှုနယ်ပယ်များ
- မူကြို၊ သူငယ်တန်းနှင့် မူလတန်းသင်ယူမှုနယ်ပယ်များချိတ်ဆက်မှု
- သင်ယူဖွံ့ဖြိုးမှုနယ်ပယ်တစ်ခုချင်းအလိုက် မျှော်မှန်းထားသောသင်ယူမှုရလဒ်များ
- သင်ယူမှုလုပ်ငန်းများနှင့်သင်ယူလုပ်ကိုင်ချိန်

**အခန်း(၃)ကို လေ့လာသင်ယူပြီးနောက်**

သူငယ်တန်းသင်ရိုးညွှန်းတမ်း၏ ရည်မှန်းချက်အတိုင်း သင်ယူမှုလုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်လာနိုင်မည်။

## အပိုင်း ၁။ သင်ရိုးညွှန်းတမ်းအညွှန်းဘောင်

**စဉ်းစားပါ။**

- ➢ သင်ရိုးညွှန်းတမ်းဆိုတာဘာလဲ။
- ➢ သင်ရိုးညွှန်းတမ်းအညွှန်းဘောင်ဆိုတာကို ဘယ်လိုနားလည်သလဲ။
- ➢ သူငယ်တန်း သင်ရိုးညွှန်းတမ်းအကြောင်း သင်မည်မျှသိထားပါသလဲ။

**ဖတ်ပါ။**

**သင်ရိုးညွှန်းတမ်း**

နိုင်ငံတိုင်းတွင် ပညာရေးစနစ်အသီးသီးရှိကြပြီး နိုင်ငံတော်ပညာရေးအတွက် သင်ရိုး ညွှန်းတမ်းများလည်း အသီးသီးရှိကြသည်။ သင်ရိုးညွှန်းတမ်းဆိုသည်မှာ နိုင်ငံတော်၏ ပညာရေးစနစ်တွင် ကျောင်းသားများ ပါဝင်လုပ်ဆောင်ခြင်းဖြင့် သင်ယူရရှိသွားသင့်သည်များကို ရေးဆွဲထားသည့် အစီအစဉ်ဖြစ်သည်။

DBE Box

**သင်ရိုးညွှန်းတမ်းအညွှန်းဘောင်**

သင်ရိုးညွှန်းတမ်းအညွှန်းဘောင်ဆိုသည်မှာ သင်ယူသူကလေးတိုင်းအတွက် လိုအပ်သော အသိပညာဗဟုသုတများ၊ လက်တွေ့ကျွမ်းကျင်မှုများ၊ ကွဲပြားခြားနားသောအခြေအနေအမျိုးမျိုးအတွက် ဖွံ့ဖြိုးရန် လိုအပ်သော တန်ဖိုးထားမှုများ၊ စိတ်နေသဘောထားများ၊ အပြုအမူများပါဝင်သည့် စနစ်တကျဖွဲ့စည်းပြင်ဆင်ထားသော အစီအစဉ်တစ်ခုဖြစ်သည်။

သင်ရိုးညွှန်းတမ်းအညွှန်းဘောင်သည် သင်ယူမှုလုပ်ငန်းများအဆုံးတွင် ကလေးများရရှိသွားသင့်သည့် သင်ယူမှုလုပ်ငန်းများအားလုံးကို လွှမ်းခြုံဖော်ပြထားသော အစီအစဉ်တစ်ခုလည်း ဖြစ်ပါသည်။

ဤသင်ရိုးညွှန်းတမ်းအညွှန်းဘောင်တွင် သင်ယူမှုရလဒ်များအပြင် အောက်ဖော်ပြပါအချက်များ ပါဝင်ပါသည်–

- ပညာရေးဆိုင်ရာဥပဒေများနှင့် ပညာရေးဆိုင်ရာမူဝါဒများပေါ်တွင် အခြေခံထားသော အခြေခံမှုများ
- သင်ကြားသင်ယူမှုနည်းစနစ်များ(သင်ယူမှုဘယ်လိုဖြစ်စေသလဲ) (ဥပမာ–တက်ကြွစွာ သင်ယူမှု၊ သင်ယူမှုဗဟိုပြုချဉ်းကပ်နည်း)
- သင်ယူဖွံ့ဖြိုးမှုနယ်ပယ်များ
- သင်ယူမှုရလဒ်ကို အကဲဖြတ်စစ်ဆေးနည်း

**သူငယ်တန်းသင်ရိုးညွှန်းတမ်း**

**အမျိုးသားပညာရေးဥပဒေ ၂။(တ)**တွင် သူငယ်တန်းပညာရေးဆိုသည်မှာ **ပထမတန်းသို့ ကူးပြောင်းမှုလွယ်ကူစေရန် အသက် (၅)နှစ်ပြည့်ပြီး ကလေးများအတွက် ဘက်စုံဖွံ့ဖြိုးမှုနှင့် သင့်လျော်သောနည်းလမ်းများကိုအသုံးပြုပြီး ပြုစုပျိုးထောင်ပေးသည့်ပညာရေး**ကို ဆိုလိုသည် ဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပါသည်။

ထိုအဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အညီ သူငယ်တန်းသင်ရိုးသစ်ကို အသက် (၅)နှစ်အရွယ် ကလေးများ၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေရှိသည့် သင်ယူမှုနယ်ပယ်များ၊ သင်ယူမှုနယ်ပယ်အားလုံး လွှမ်းခြုံမှုရှိနိုင်သော အကြောင်းအရာများ၊ ကလေးဗဟိုပြုချဉ်းကပ်နည်းလမ်းများကိုအသုံးပြု၍ လုပ်ကိုင်ဆောင်ရွက်ပေးမည့် သင်ယူမှုပုံစံဖြင့် ရေးဆွဲထားပါသည်။

အမျိုးသားပညာရေးဥပဒေနှင့် ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒလမ်းညွှန်ကိုအခြေပြုလျက် သူငယ်တန်းကလေးများအတွက် အောက်ဖော်ပြပါ ဆီလျော်ညီညွတ်မှု (၃)မျိုးနှင့် ကိုက်ညီသည့် သင်ရိုးညွှန်းတမ်းကိုရေးဆွဲထားပါသည်–

(၁) ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေဖြစ်မှု

(၂) ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေဖြစ်မှု

(၃) ပညာရေးအရ လိုက်လျောညီထွေဖြစ်မှုတို့ဖြစ်သည်။

ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေဖြစ်မှုဆိုသည်မှာ အသက်(၅)နှစ်အရွယ်ကလေးများ ၏ ဖွံ့ဖြိုးမှုအဆင့်နှင့် ဆီလျော်မှုရှိခြင်းကိုဆိုလိုပါသည်။

**ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေဖြစ်မှု**ဆိုသည်မှာ နောက်ခံအခြေအနေအမျိုးမျိုးရှိသော ကလေးများ(လူမှုရေး၊ ယဉ်ကျေးမှု --- စသည်) အားလုံးတန်းတူညီမျှသင်ယူနိုင်ခွင့်ကို ထည့်သွင်းစဉ်းစားထားသည်ကို ဆိုလိုပါသည်။

ပညာရေးအရ လိုက်လျောညီထွေဖြစ်မှုဆိုသည်မှာ ကလေး၏ဘက်စုံဖွံ့ဖြိုးမှုနှင့် နေ့စဉ်သင်ယူမှုဖြစ်စဉ်ကို အလေးထား၍ ကလေးဗဟိုပြုချဉ်းကပ်နည်းကို ထည့်သွင်းစဉ်းစားထားသည်ကိုဆိုလိုပါသည်။

DBE BOX

## သူငယ်တန်းသင်ရိုးညွှန်းတမ်း၏ ရည်မှန်းချက်

သူငယ်တန်းကလေးများအတွက် ရည်မှန်းချက်ကို အမျိုးသားပညာရေးဥပဒေတွင်ပါရှိသည့် တန်ဖိုးထားမှုများ၊ အနာဂတ်ရည်မှန်းချက်များ၊ အခြေခံမူများနှင့် သူငယ်တန်းသင်ရိုး ညွှန်းတမ်း၏အခြေခံ အယူအဆများကို ချိတ်ဆက်ပြီး သတ်မှတ်ဖော်ပြထားပါသည်။

သူငယ်တန်းစာသင်နှစ်အပြီးတွင် ကလေးများသည်–

- မိမိကိုယ်ကိုမိမိယုံကြည်အားကိုးတတ်သူများ
- အာဟာရပြည့်ဝ၍ကျန်းမာပျော်ရွှင်သူများ
- စာရေးစာဖတ်ခြင်းနှင့်သင်္ချာအပါအဝင် အသိပညာများကို စိတ်အားထက်သန်စွာ လေ့လာသင်ယူသူများ
- မိမိပတ်ဝန်းကျင်အကျိုးကို ဆောင်ရွက်တတ်သူများဖြစ်လာကြမည်။

## သင်ယူဖွံ့ဖြိုးမှုနယ်ပယ်များ

သူငယ်တန်းစာသင်နှစ်အတွင်းတွင် ကလေးများသည် အောက်ပါသင်ယူဖွံ့ဖြိုးမှုနယ်ပယ် (၆)ခု အလိုက်သတ်မှတ်ထားသော သင်ယူမှုလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်ရင်း သင်ယူကြရမည် ဖြစ်သည်–

(က) ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်း

(ခ) စာရိတ္တ၊ မိတ္တနှင့်စိတ်လှုပ်ရှားမှုဆိုင်ရာဖွံ့ဖြိုးတိုးတက်ခြင်း

(ဂ) အပြန်အလှန်ပြောဆိုဆက်သွယ်ခြင်း

(ဃ) သင်္ချာဆိုင်ရာအခြေခံများကိုစူးစမ်းလေ့လာခြင်း

(င) အနုပညာရသခံစားခြင်းနှင့်ဖန်တီးခြင်း

(စ) ပတ်ဝန်းကျင်လောကကိုသိရှိနားလည်ခြင်း


DBE BOX

## အပိုင်း ၂။ မူကြို၊ သူငယ်တန်းနှင့် မူလတန်းသင်ယူမှုနယ်ပယ်များချိတ်ဆက်မှု

**စဉ်းစားပါ။**

➢ အထက်ဖော်ပြပါ နယ်ပယ် ၆ ခုအရ သူငယ်တန်းသင်ရိုးညွှန်းတမ်းသည် မူကြိုပညာရေး၊ မူလတန်းပညာရေးတို့နှင့် မည်သို့ချိတ်ဆက်မှုရှိသည်ဟု ထင်ပါသနည်း။

အောက်ပါသင်ယူမှုနယ်ပယ်များချိတ်ဆက်ပုံကိုလေ့လာပါ–



# မူကြို၊ သူငယ်တန်းနှင့် မူလတန်း သင်ယူမှုနယ်ပယ်များ ချိတ်ဆက်မှု

**ဖတ်ပါ။**

သူငယ်တန်းသင်ရိုးညွှန်းတမ်းကိုရေးဆွဲရာတွင် ပုံပါအတိုင်းနယ်ပယ်များချိတ်ဆက်ထားပါသည်။

သူငယ်တန်းသင်ရိုးညွှန်းတမ်းတွင်ပါသော နယ်ပယ်များကို မူကြိုပညာရေးမှဖွံ့ဖြိုးမှုနယ်ပယ်များနှင့် ချိတ်ဆက်ထားသကဲ့သို့ မူလတန်းပညာရေးတွင် သင်ယူရမည့်သင်ယူမှုနယ်ပယ်များနှင့်လည်း ချိတ်ဆက်ထားပါသည်။

သူငယ်တန်းသင်ရိုးရှိ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာခြင်းနယ်ပယ်သည် မူကြိုပညာရေးရှိ ကာယဖွံ့ဖြိုးမှုနယ်ပယ်နှင့်ချိတ်ဆက်ထားသကဲ့သို့ မူလတန်းသင်ရိုးရှိကာယပညာနှင့် ဘဝတွက်တာ ကျွမ်းကျင်စရာဘာသာတို့နှင့် ချိတ်ဆက်မှုရှိပါသည်။

သူငယ်တန်းသင်ရိုးရှိ စာရိတ္တ၊ မိတ္တနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာဖွံ့ဖြိုးတိုးတက်ခြင်းနယ်ပယ်သည် မူကြိုပညာရေးရှိ စာရိတ္တဖွံ့ဖြိုးမှု၊ လူမှုဆက်ဆံရေးဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှုဖွံ့ဖြိုးမှုတို့နှင့်ချိတ်ဆက် နေသကဲ့သို့ မူလတန်းသင်ရိုးရှိ ဘဝတွက်တာကျွမ်းကျင်စရာဘာသာနှင့်စာရိတ္တနှင့် ပြည်သူ့နီတိဘာသာ တို့ဖြင့်ချိတ်ဆက်နေပါသည်။

သူငယ်တန်းသင်ရိုးရှိ အပြန်အလှန်ပြောဆိုဆက်သွယ်ခြင်း သင်ယူဖွံ့ဖြိုးမှုနယ်ပယ်သည် မူကြို ပညာရေးရှိ ဘာသာစကားဖွံ့ဖြိုးမှုနယ်ပယ်နှင့်ချိတ်ဆက်ထားသကဲ့သို့ မူလတန်းသင်ရိုးရှိ မြန်မာစာနှင့် အင်္ဂလိပ်စာဘာသာရပ်များနှင့် ချိတ်ဆက်ထားသည်။

သူငယ်တန်းသင်ရိုးရှိ သင်္ချာအခြေခံများကို စူးစမ်းလေ့လာခြင်း သင်ယူဖွံ့ဖြိုးမှုနယ်ပယ်သည် မူ– ကြို ပညာရေးမှသိမှု(ဉာဏ်ရည်) ဖွံ့ဖြိုးမှုနယ်ပယ်နှင့်ချိတ်ဆက်မှုရှိပြီး မူလတန်းသင်ရိုးမှ သင်္ချာဘာသာနှင့် ချိတ်ဆက်ထားပါသည်။

သူငယ်တန်းသင်ရိုးမှပတ်ဝန်းကျင်လောကကို သိရှိနားလည်ခြင်း သင်ယူဖွံ့ဖြိုးမှုနယ်ပယ်သည် မူကြိုပညာရေးမှသိမှု(ဉာဏ်ရည်)ဖွံ့ဖြိုးမှုနယ်ပယ်နှင့်ချိတ်ဆက်သကဲ့သို့ မူလတန်းသင်ရိုးမှ သိပ္ပံဘာသာ၊ လူမှုရေးဘာသာများနှင့် ချိတ်ဆက်သင်ယူရမည်ဖြစ်သည်။ သူငယ်တန်းသင်ရိုးမှ အနုပညာရသခံစားခြင်းနှင့် ဖန်တီးခြင်းသင်ယူဖွံ့ဖြိုးမှုနယ်ပယ်များသည် မူကြိုပညာရေးမှသိမှု (ဉာဏ်ရည်)ဖွံ့ဖြိုးမှု၊ လူမှုဆက်ဆံရေး ဖွံ့ဖြိုးမှုတို့နှင့်ချိတ်ဆက်ပြီး မူလတန်းသင်ရိုးမှအနုပညာ ဘာသာရပ်နှင့်ချိတ်ဆက်ထားပါသည်။

မြန်မာနိုင်ငံတွင် မူကြိုပညာရေးအခွင့်အလမ်းရရှိသူ ကလေးဦးရေမှာ(၂၂.၉)ရာခိုင်နှုန်းသာရှိကြောင်း ဘက်စုံလွှမ်းခြုံသောပညာရေးကဏ္ဍလေ့လာသုံးသပ်ချက်အရ သိရှိရပါသည်။ ထို့ကြောင့် မူကြိုအတွေ့ အကြုံရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကျောင်းသို့ရောက်ရှိလာသော (၅)နှစ်အရွယ် ကလေးအားလုံး သင်ယူမှုအခွင့်အလမ်း တစ်ပြေးညီရရှိပြီး မူလတန်းပညာရေးကို လွယ်ကူချောမွေ့စွာ ဆက်လက်သင်ယူနိုင် ရေးအတွက် သူငယ်တန်းသင်ရိုးသစ်ကို စတင်အကောင်အထည်ဖော်ခြင်းဖြစ်သည်။

DBE BOX

## အပိုင်း ၃။ သင်ယူဖွံ့ဖြိုးမှုနယ်ပယ်များအလိုက်မျှော်မှန်းထားသောသင်ယူမှုရလဒ်များ

## ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာခြင်း

**စဉ်းစားပါ။**

- ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာခြင်းနယ်ပယ်ဆိုတာဘယ်လိုနားလည်သလဲ။
- ဘာကြောင့် ဒီနယ်ပယ်ကို သူငယ်တန်းသင်ရိုးမှာ ထည့်သွင်းထားတယ်လို့ထင်သလဲ။
- ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်းနယ်ပယ်ကို သင်ယူခြင်းဖြင့် ကလေးများ ဘယ်လိုသင်ယူမှုရလဒ်တွေ ရရှိနိုင်မလဲ။

**ဖတ်ပါ။**

**ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာခြင်း**

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်းသည် အခြေခံကျသော သင်ယူဖွံ့ဖြိုးမှုနယ်ပယ် တစ်ခုဖြစ်ပါသည်။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာမှုတွင် ကလေးများ၏ စိတ်လှုပ်ရှားခံစားမှု၊ ပေါင်းသင်းဆက်ဆံရေးနှင့် ကိုယ်ကာယပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများပါဝင်နေပါသည်။ တစ်နည်းအားဖြင့် ကိုယ်ရောစိတ်ပါကြံ့ခိုင်မှုရှိခြင်းပင်ဖြစ်ပါသည်။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာမှု ရှိမှသာ ကလေးများသည် စိတ်ခံတက်ကြံ့ခိုင်မှုရှိပြီး ကောင်းစွာစူးစမ်းလေ့လာသင်ယူနိုင်စွမ်းရှိ သဖြင့် ဤနယ်ပယ်ကို ထည့်သွင်းထားရခြင်းဖြစ်ပါသည်။

ကလေးများသည် သင်ယူမှုလုပ်ငန်းများ လုပ်ဆောင်ရင်းဖြင့် ၎င်းတို့၏အခွင့်အရေးနှင့် တာဝန်များ၊ ကျန်းမာရေးနှင့်အန္တရာယ်ကင်းမှု၊ ကိုယ်လက်လှုပ်ရှားမှု၊ လွတ်လပ်စွာရွေးချယ်လုပ်ကိုင်မှုနှင့် ကိုယ်ပိုင်ဆုံးဖြတ်ချက်ချနိုင်မှုတို့ကို သင်ယူကြပြီး ကိုယ်စိတ်ကြံ့ခိုင်သော ကလေးများ ဖြစ်လာကာ နေ့စဉ်ကြုံတွေ့ရသည့်ဖိစီးမှုများနှင့် အခက်အခဲများကို ရင်ဆိုင်နိုင်သော ကလေးများ ဖြစ်လာမည်ဖြစ်သည်။

**မျှော်မှန်းထားသောသင်ယူမှုရလဒ်များ**

ဤနယ်ပယ်တွင် အောက်ပါမျှော်မှန်းရလဒ် (၅)ခုချမှတ်ထားပါသည်–

၁။ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများကို ရွေးချယ်စားသောက်တတ်သည့် အလေ့အထရှိကြောင်းပြသနိုင်သည်။

၂။ မိမိ၏တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် မိမိပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် ကိုယ်တိုင် ပါဝင်လုပ်ဆောင်နိုင်စွမ်းရှိကြောင်းပြသနိုင်သည်။

၃။ မိမိကိုယ်တိုင် အန္တရာယ်မဖြစ်အောင် ရှောင်ကြဉ် နေထိုင်တတ်လာမည်။

၄။ ကိုယ်လက်လှုပ်ရှားမှုလုပ်ငန်းများတွင် စိတ်ဝင်စားပြီး ပါဝင်လုပ်ဆောင်နိုင်သော စွမ်းရည်ရှိကြောင်းပြသနိုင်သည်။

၅။ အခြေအနေအမျိုးမျိုးကို ကိုယ်စိတ်ကြံ့ခိုင်မှုရှိစွာဖြင့် ရင်ဆိုင်နိုင်စွမ်းရှိကြောင်းပြသနိုင်သည်။

DBE BOX

## စာရိတ္တ၊ မိတ္တနှင့်စိတ်လှုပ်ရှားမှုဆိုင်ရာဖွံ့ဖြိုးခြင်း

**စဉ်းစားပါ။**

- စာရိတ္တ၊ မိတ္တနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာဖွံ့ဖြိုးခြင်းဆိုတာ ဘယ်လိုနားလည်ပါသလဲ။
- ဘာကြောင့် ဒီနယ်ပယ်ကို သူငယ်တန်းသင်ရိုးမှာ ထည့်သွင်းထားတယ်လို့ ထင်သလဲ။
- စာရိတ္တ၊ မိတ္တနှင့် စိတ်လှုပ်ရှားမှုဖွံ့ဖြိုးခြင်းနယ်ပယ်ကို သင်ယူခြင်းဖြင့် ဘယ်လိုသင်ယူမှု ရလဒ်တွေ ရရှိနိုင်မလဲ။

**ဖတ်ပါ။**

### စာရိတ္တ၊ မိတ္တနှင့်စိတ်လှုပ်ရှားမှုဆိုင်ရာဖွံ့ဖြိုးခြင်း

ဤနယ်ပယ်သည် ကလေးတစ်ဦးစီ၏စာရိတ္တပိုင်းဆိုင်ရာ တိုးတက်မှုများ၊ ပေါင်းသင်းဆက်ဆံရေး တိုးတက်မှု၊ စိတ်လှုပ်ရှားခံစားမှု တိုးတက်မှုနှင့်သက်ဆိုင်သော နယ်ပယ်ဖြစ်သည်။

စာရိတ္တ၊မိတ္တနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှုများသည် ကျောင်းနေစဉ်ကာလ အတွက်သာမက ဘဝအတွက်ပါ အလွန်အရေးကြီးပါသည်။ စာရိတ္တ၊ မိတ္တနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာ အခြေခံကျွမ်းကျင်မှုများ သည် ကလေးများ၏ အနာဂတ်ဘဝအောင်မြင်ရေးအတွက် ခိုင်မြဲသည့် အကျိုးဆက်များကို ဖြစ်စေပါသည်။

ကလေးတစ်ဦးချင်း၏ စာရိတ္တ၊မိတ္တနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ခြင်း အားကောင်းမှသာ ထိုကလေး၏စိတ်ဓာတ်ကြံ့ခိုင်မှုအားကောင်းလာမည်ဖြစ်သည်။ ပတ်ဝန်းကျင် ကမ္ဘာလောကအကြောင်းကို စူးစမ်းလေ့လာရန်၊ သင်ယူရန်အခွင့်အလမ်းများကို ရယူတတ်လာမည်။ ထို့ကြောင့်ဤနယ်ပယ်ကို ထည့်သွင်းထားခြင်းဖြစ်ပါသည်။

ကလေးများသည် ကလေးအချင်းချင်း၊ လူကြီးများနှင့် အပြန်အလှန်ဆက်ဆံရေးပြုလုပ်ခြင်းဖြင့် မိမိကိုယ်မိမိ သိရှိနားလည်လာကြပါမည်။

မိမိကိုယ်မိမိသိရှိခြင်း၊ မိမိနှင့်အခြားသူများ တူညီမှုမရှိသည်ကိုသိခြင်း၊ ပတ်ဝန်းကျင်ကို စူးစမ်း လေ့လာတတ်ခြင်း၊ လူမှုပတ်ဝန်းကျင်တွင် ကောင်းသောအမူအကျင့်များဖော်ထုတ်ခြင်း၊ အခြားလူများနှင့် အတူ အလုပ်လုပ်ခြင်း၊ မျှဝေခြင်း၊ အလှည့်ကျလုပ်ဆောင်ခြင်း၊ မိမိ၏ယဉ်ကျေးမှု ဓလေ့များနှင့် အခြားလူများ ၏ ယဉ်ကျေးမှုဓလေ့များကို လေးစားတန်ဖိုးထားတတ်ခြင်းများကို သင်ယူကြပါမည်။

**မျှော်မှန်းထားသောသင်ယူမှုရလဒ်များ**

ဤနယ်ပယ်တွင် အောက်ပါမျှော်မှန်းရလဒ် (၄)ခုချမှတ်ထားပါသည်-

၁။ မိမိကိုယ်မိမိ သင်ယူလေ့လာနိုင်စွမ်းရှိသူအဖြစ် ယုံကြည်မှုရှိကြောင်းပြသသည်။

၂။ မိသားစုများ၊ အိမ်နီးချင်းများ၊ ရပ်ရွာအသိုင်းအဝိုင်းနှင့် အားကောင်းသော လူမှုဆက်ဆံရေးကို တည်ဆောက်ထားကြောင်းပြသနိုင်သည်။

၃။ မြန်မာလူမျိုးတို့၏ တူညီသောယဉ်ကျေးမှုစံသတ်မှတ်ချက်များနှင့် တာဝန်ဝတ္တရားများကို သိရှိ နားလည်ကြောင်းပြသသည်။

၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားတစ်ဦး၏ သီးသန့်လက္ခဏာများကိုသိရှိပြီး တိုင်းရင်းသား လူမျိုးစုအသီးသီး၏ တူညီမှုများနှင့် မတူကွဲပြားခြားနားမှုများကိုလည်း နားလည်ကာ လေးစား တန်ဖိုးထားကြောင်းပြသသည်။

DBE BOX

# အပြန်အလှန်ပြောဆိုဆက်သွယ်ခြင်း

**စဉ်းစားပါ။**

- အပြန်အလှန်ပြောဆိုဆက်သွယ်ခြင်းဆိုတာကို ဘယ်လိုနားလည်ပါသလဲ။
- ဘာကြောင့် ဒီနယ်ပယ်ကို သူငယ်တန်းသင်ရိုးသစ်မှာ ထည့်သွင်းထားတယ်လို့ ထင်သလဲ။
- အပြန်အလှန်ပြောဆိုဆက်သွယ်ခြင်းနယ်ပယ်ကို သင်ယူခြင်းဖြင့် ဘယ်လိုသင်ယူမှုရလဒ်တွေ ရရှိနိုင်မလဲ။

**ဖတ်ပါ။**

## အပြန်အလှန်ပြောဆိုဆက်သွယ်ခြင်း

ဤနယ်ပယ်တွင်စကားဖြင့်ပြောဆိုဆက်သွယ်မှုနှင့် ကိုယ်လက်အမူအရာတို့ဖြင့် ပြောဆိုဆက်သွယ်မှုတို့ပါဝင်ပါသည်။စကားလုံးများ၊စကားစုများ၊ဝါကျများ၊စာပိုဒ်များ၊ပုံပြင်များနှင့် အပြန်အလှန်ပြောဆိုခြင်းစသည့် အကြောင်းအရာများသည် စကားဖြင့်ပြောဆိုဆက်သွယ်မှုဖြစ်ပြီး သီချင်း၊ ကဗျာများကို အမူအရာဖြင့် ရွတ်ဆိုခြင်း၊ ကခုန်ခြင်း၊ ကစားခြင်းများသည် ကိုယ်အမူအရာဖြင့် ပြောဆိုဆက်သွယ်ခြင်းပင်ဖြစ်ပါသည်။

ပြောဆိုဆက်သွယ်ခြင်းသည် အထူးသဖြင့် မိခင်ဘာသာစကားအတွက် အခြေခံအုတ်မြစ်များကို တည်ဆောက်ခြင်းဖြစ်သည်။တိုင်းရင်းသားကလေးများအတွက်မူ၄င်းတို့၏မိခင်ဘာသာစကားအပြင်မြန်မာနိုင်ငံ၏ ရုံးသုံးဘာသာစကားဖြစ်သော မြန်မာဘာသာစကားကို လည်း စတင်သင်ယူကြရမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာဘာသာစကားအခြေခံ ရရှိသွားစေရန် ဤနယ်ပယ်ကို ထည့်သွင်းထားခြင်းဖြစ်သည်။

ကလေးများသည် ၎င်းတို့၏ စိတ်ကူး၊ အတွေးများ၊ ခံစားမှုနှင့် အတွေ့အကြုံများကို မျှဝေပြောပြရန်၊ အခြားလူများနှင့် ပေါင်းသင်းဆက်သွယ်မှုပြုလုပ်ရန်အတွက် ပြောဆိုဆက်သွယ်မှုကို ပြုလုပ်ကြပါသည်။

- ကလေးများသည် ပတ်ဝန်းကျင်မှ အသံများနှင့် လူတို့၏အသံများကို နားထောင်ပြီး ဆက်သွယ်ကြပါသည်။ (ဥပမာ–အသံများ၊ တေးသံများ၊ ဂီတသံများ)
- ကလေးများသည် အခြားလူများအတွက် အဓိပ္ပာယ်ရှိသော အသံများပြောဆိုပြီးလည်း ဆက်သွယ်ကြပါသည်။
- ကလေးများသည် အခြားလူများ၏ ပြောသောစကားနှင့် ရေးသောစာမှ အဓိပ္ပာယ် ထုတ်ယူရန် စာဖတ်ခြင်းဖြင့်လည်းဆက်သွယ်ကြပါသည်။
- နောက်ပိုင်းတွင် ရုပ်ပုံများရေးဆွဲခြင်းနှင့် ရုပ်ပုံများတွင် အမှတ်အသားများထည့်ခြင်းတို့ကို ပြုလုပ်ခြင်းဖြင့်လည်း ဆက်သွယ်ကြပါသည်။

**မျှော်မှန်းထားသောသင်ယူမှုရလဒ်များ**

ဤနယ်ပယ်တွင် အောက်ပါမျှော်မှန်းရလဒ် (၄)ခုချမှတ်ထားပါသည်–

၁။ အသံများ၊ စကားများကို အာရုံစိုက် နားထောင်တတ်သည်။(နားထောင်ခြင်း)

၂။ မိမိတို့အတွေ့အကြုံများ၊ ခံစားချက်များနှင့် လိုအပ်ချက်များကို တစ်ဖက်လူနားလည်အောင် ပြောဆိုဆက်သွယ်ပုံအမျိုးမျိုးကို သုံးပြီးပြောဆိုဆက်သွယ်တတ်သည်။ (ပြောဆိုခြင်း)

DBE BOX

၃။ ပတ်ဝန်းကျင်ရှိစာများ၊ ရုပ်ပြစာအုပ်များကို ဖတ်ရာမှတစ်ဆင့်စာများကို ဖတ်နိုင်လာ သည်။ (စာဖတ်ခြင်း)

၄။ မိမိတို့၏အတွေ့အကြုံများနှင့် စိတ်ကူးများကို ရုပ်ပုံဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း ဖော်ပြတတ်သည်။(စာရေးခြင်း)

## သင်္ချာဆိုင်ရာအခြေခံများကိုစူးစမ်းလေ့လာခြင်း

**စဉ်းစားပါ။**

- ➢ သင်္ချာဆိုင်ရာအခြေခံများဆိုတာဘာတွေလဲ။
- ➢ ဘာကြောင့် ဒီနယ်ပယ်ကို သူငယ်တန်းသင်ရိုးမှာ ထည့်သွင်းထားတယ်လို့ ထင်သလဲ။
- ➢ သင်္ချာဆိုင်ရာအခြေခံများကို သင်ယူခြင်းဖြင့် ဘယ်လိုသင်ယူမှုရလဒ်တွေရရှိနိုင်မလဲ။

**ဖတ်ပါ။**

**သင်္ချာဆိုင်ရာအခြေခံများကို စူးစမ်းလေ့လာခြင်း**

ဤနယ်ပယ်သည် အရေအတွက်များ၊ အဆင်ပုံစံများ(Pattern)၊ ပုံသဏ္ဌာန်များနှင့် အရွယ်အစားများ၊ တိုင်းတာမှုများနှင့် ပြဿနာဖြေရှင်းမှုများကို ကျိုးကြောင်းဆက်စပ်မှုဖြင့်စဉ်းစားပြီး သင်္ချာ၏အခြေခံသဘောတရားများကို နားလည်စေခြင်းဖြစ်ပါသည်။

သူငယ်တန်းကလေးများအတွက် အထက်ပါအကြောင်းအရာများနှင့်ပတ်သက်၍ ၎င်းတို့၏စိတ်ကူးများကို စူးစမ်းလေ့လာပြီး ဆရာနှင့်လည်းကောင်း၊ ကလေးအချင်းချင်းနှင့်လည်းကောင်း ပြောဆိုဆက်သွယ်မှုများပြုလုပ်ခြင်းဖြင့် သင်္ချာဆိုင်ရာအယူအဆများ တိုးတက်လာရန်အတွက် ဤနယ်ပယ်ကို ထည့်သွင်းရခြင်းဖြစ်ပါသည်။

သူငယ်တန်းစာသင်နှစ်တွင် ကလေးများသည် ကိန်းဂဏန်းများအချင်းချင်း ဆက်သွယ်မှုကို စူးစမ်းလေ့လာခြင်း၊ အဆင်ပုံစံများကိုရှာဖွေပြီး ကိုယ်တိုင်ပြုလုပ်ခြင်း၊ ပတ်ဝန်းကျင်ရှိ အရာဝတ္ထုများ၏ တည်နေရာများကို သတ်မှတ်ခြင်း၊ ပြင်ညီပုံများ၊ ထုပုံများကို ရှာဖွေခြင်း၊ တိုင်းတာခြင်းအမျိုးမျိုးကို တိုင်းတာခြင်း၊ ပတ်ဝန်းကျင်ရှိ အရာဝတ္ထုများကို စုဆောင်းပြီး အမိပ္ပာယ်အမျိုးမျိုးရှိအောင် ဆောင်ရွက်ရပါမည်။

ထိုသို့ဆောင်ရွက်ခြင်းဖြင့် ကလေးများသည် ကိန်းမတိုင်မီ အခြေခံများကို သိရှိမည်။ အဆင်ပုံစံများ ဖွဲ့စည်းတည်ဆောက်ထားသည့် အခြေခံစည်းမျဉ်းများကို သိရှိနားလည်လာမည်။ ဂျီဩမေတြီပုံများကို အမျိုးအစားခွဲခြားခြင်း၊ နှိုင်းယှဉ်ခြင်းများကို ပြုလုပ်တတ်မည်။ တိုင်းတာခြင်းအမျိုးမျိုးကို တိုင်းတာတတ်မည်ဖြစ်ပါသည်။

DBE BOX

**မျှော်မှန်းထားသောသင်ယူမှုရလဒ်များ**

ဤနယ်ပယ်တွင် အောက်ပါမျှော်မှန်းရလဒ် (၅)ခုချမှတ်ထားပါသည်–

၁။ ကိန်းဂဏန်းများ တွက်ချက်မှုနှင့် ကိန်းဂဏန်းများအချင်းချင်း ဆက်သွယ်မှုများကို စူးစမ်းလေ့လာတတ်သည်။

၂။ ပုံစံများကိုရှာတတ်ပြီး ကိုယ်တိုင်လည်း ပုံစံများကို ပြုလုပ်တတ်သည်။

၃။ ပတ်ဝန်းကျင်ရှိအရာဝတ္ထုများ၏တည်နေရာများနှင့် ပုံသဏ္ဍာန်များကိုပြောတတ်သည်။

၄။ တိုင်းတာခြင်းဆိုင်ရာ အခြေခံသဘောတရားများကို လက်တွေ့ဘဝတွင် သုံးတတ်လာသည်။

၅။ ပတ်ဝန်းကျင်ရှိ အရာဝတ္ထုများကို စုဆောင်းလေ့လာပြီး အမိပ္ပာယ်အမျိုးမျိုးရှိအောင် ပြုလုပ်တတ်သည်။

## အနုပညာရသခံစားခြင်းနှင့်ဖန်တီးခြင်း

**စဉ်းစားပါ။**

- အနုပညာရသခံစားခြင်းဆိုတာဘယ်လိုနားလည်ပါသလဲ။
- ဘာကြောင့် ဒီနယ်ပယ်ကို သူငယ်တန်းသင်ရိုးမှာ ထည့်သွင်းထားတယ်လို့ ထင်သလဲ။
- အနုပညာရသခံစားခြင်းနှင့် ဖန်တီးခြင်းနယ်ပယ်ကို သင်ယူခြင်းဖြင့် ဘယ်လိုသင်ယူမှု ရလဒ်တွေ ရရှိနိုင်မလဲ။

**ဖတ်ပါ။**

**အနုပညာရသခံစားခြင်းနှင့်ဖန်တီးခြင်း**

ဤနယ်ပယ်သည် စိတ်ကူးယဉ်ကစားခြင်း၊ ပုံရေးဆွဲခြင်း ၊ ဆေးရောင်ခြယ်ခြင်း ၊ ရွှံ့၊ ဖယောင်းတို့ဖြင့် ပုံများဖန်တီးပြုလုပ်ခြင်း၊ တူရိယာတီးမှုတ်ခြင်း၊ တေးဂီတသံစဉ်နှင့်အညီ သီဆိုခြင်း၊ ကခြင်း၊ လှုပ်ရှားခြင်းစသည်ဖြင့် အနုပညာရသခံစားပြီး တီထွင်ဖန်တီးနိုင်ခြင်းဖြင့် ပတ်ဝန်းကျင်လောကကြီးနှင့် ပတ်သက်သော အတွေ့အကြုံများတိုးတက်လာစေရန်ဖြစ်ပါသည်။

သူငယ်တန်းကလေးများသည် ၎င်းတို့၏ဆန်းသစ်တီထွင်သော အနုပညာစိတ်ကူးများ ဖန်တီးတတ်ပြီး တန်ဖိုးထားတတ်ခြင်း၊ ကစားရင်းဖြင့် စူးစမ်းလေ့လာသည့်မေးခွန်းများမေးတတ်ခြင်း၊ ဝေဖန်ပိုင်းခြားတတ်ပြီး ပြဿနာများဖြေရှင်းတတ်လာခြင်းတို့ ရရှိစေရန်အတွက် ဤနယ်ပယ်ကို ထည့်သွင်းရခြင်းဖြစ်သည်။

သို့ဖြစ်၍ ကလေးများသည် ပုံများရေးဆွဲခြင်း၊ ဆေးခြယ်ခြင်း၊ သဲ ၊ ရွှံ့၊ ဂျုံစသည် တို့ဖြင့် ပုံဖော်ကစားခြင်း၊ တူရိယာပစ္စည်းများ တီးမှုတ်၍ သီဆိုခြင်း၊ ကခြင်းတို့ပြုလုပ်ခြင်းဖြင့် အခြားလူများနှင့် အပြန်အလှန် ပြောဆိုဆက်သွယ်မှုများတိုးတက်လာပြီး အာရုံများနှင့် ကြွက်သားများ ပေါင်းစပ်လှုပ်ရှားရသော ကျွမ်းကျင်မှုများ၊ တီထွင်ဖန်တီးနိုင်စွမ်းများ ရရှိလာမည်ဖြစ်ပါသည်။

DBE BOX

**မျှော်မှန်းထားသောသင်ယူမှုရလဒ်များ**

ဤနယ်ပယ်တွင် အောက်ပါမျှော်မှန်းရလဒ် (၄)ခုချမှတ်ထားပါသည်-

၁။ လွတ်လပ်စွာကစားခြင်းနှင့် အတုလုပ်တမ်းကစားခြင်းတို့ကို ပြုလုပ်နိုင်စွမ်းရှိကြောင်း ပြသသည်။

၂။ ပုံဆွဲခြင်း၊ ဆေးခြယ်ခြင်း၊ ပုံဖော်ခြင်းများအပါအဝင် အမြင်အာရုံဆိုင်ရာ အနုလက်မှု လုပ်ငန်းများကို နှစ်သက်ခံစားတတ်ပြီး ဖန်တီးနိုင်စွမ်းရှိကြောင်းပြသသည်။

၃။ ဂီတ၊ အကနှင့် သရုပ်ဆောင်မှုတို့ကို နှစ်သက်ခံစားတတ်ပြီး ဖန်တီးနိုင်စွမ်း၊ လုပ်ဆောင်နိုင်စွမ်း ရှိကြောင်းပြသသည်။

၄။ တွေ့ကြုံရသော အခြေအနေများအတွက် နည်းလမ်းအမျိုးမျိုးဖြင့် ဖန်တီးဖြေရှင်းတတ်သော အရည်အချင်းရှိကြောင်း ပြသနိုင်သည်။

## ပတ်ဝန်းကျင်လောကကို သိရှိနားလည်ခြင်း

**စဉ်းစားပါ။**

- ပတ်ဝန်းကျင်လောကကို သိရှိနားလည်ခြင်းနယ်ပယ်မှာ ဘယ်လိုအကြောင်းအရာတွေ ရှိမလဲ။
- ဘာကြောင့် ဒီနယ်ပယ်ကို သူငယ်တန်းသင်ရိုးမှာ ထည့်သွင်းထားတယ်လို့ ထင်သလဲ။
- ပတ်ဝန်းကျင်လောကကိုလေ့လာသင်ယူခြင်းဖြင့် ဘယ်လိုသင်ယူမှုရလဒ်တွေရရှိနိုင်မလဲ။

**ဖတ်ပါ။**

**ပတ်ဝန်းကျင်လောကကို သိရှိနားလည်ခြင်း**

ပတ်ဝန်းကျင်လောကကို သိရှိနားလည်ခြင်းဆိုသည်မှာ သိပ္ပံပညာနှင့် လူမှုရေးပညာကို ပေါင်းစပ်၍ လူနှင့် ပတ်ဝန်းကျင်အကြား ဆက်နွယ်မှုများကို လေ့လာခြင်းဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ရှိ သက်ရှိ၊ သက်မဲ့များအကြောင်းကို စူးစမ်းလေ့လာခြင်းဖြင့် သိပ္ပံနည်းကျ စူးစမ်းလေ့လာမှုနှင့်ဆိုင်သည့် ကျွမ်းကျင်မှုများကို ရရှိသွားမည်ဖြစ်သည်။

ကလေးများသည် အရာရာကို စူးစမ်းလေ့လာ စမ်းသပ်လုပ်ကိုင်လိုသော သဘာဝရှိကြသည်။ ထိုသဘာဝနှင့်လျော်ညီစွာ သူငယ်တန်းအရွယ်ကလေးများအခြေခံအားဖြင့် သိရန်လိုအပ်သော ပတ်ဝန်းကျင် ကမ္ဘာလောကအကြောင်းကို စူးစမ်းလေ့လာနိုင်ရန်အတွက် ဤနယ်ပယ်ကို ထည့်သွင်းထားခြင်းဖြစ်ပါသည်။ ကလေးများသည် ရှေ့ဆက်လက်သင်ယူကြရမည့် ပထဝီဝင်၊ သမိုင်းနှင့် သိပ္ပံဘာသာရပ် လေ့လာမှုဆိုင်ရာ အခြေခံသင်ယူမှုနည်းလမ်းများဖြစ်သည့် ကြည့်ရှုလေ့လာခြင်း၊ ခန့်မှန်းယူဆခြင်း၊ စူးစမ်းလေ့လာခြင်း၊ စမ်းသပ်လုပ်ကိုင်ခြင်းများကို လက်တွေ့လုပ်ကိုင်နိုင်ရန် လေ့ကျင့်ပေးသော နယ်ပယ်လည်းဖြစ်ပါသည်။

သူငယ်တန်းပြီးဆုံးချိန်တွင် မိမိတို့သိလိုသော ပတ်ဝန်းကျင်အကြောင်းအရာများကို ကိုယ်တိုင် စူးစမ်းလေ့လာသင်ယူတတ်လာကြရန် မျှော်မှန်းပါသည်။

DBE BOX

**မျှော်မှန်းထားသောသင်ယူမှုရလဒ်များ**

ဤနယ်ပယ်တွင် အောက်ပါမျှော်မှန်းရလဒ် (၃)ခုချမှတ်ထားပါသည်–

၁။ သဘာဝပတ်ဝန်းကျင်ကို စူးစမ်းလေ့လာနိုင်စွမ်းရှိကြောင်းပြသသည်။ (ပတ်ဝန်းကျင်၊ တိရစ္ဆာန်များ၊ အပင်များ၊ အသက်ရှင်ရပ်တည်မှုများ)

၂။ ပစ္စည်းများကိုပြုလုပ်ရာတွင်အသုံးပြုထားသောနည်းပညာ၊အတတ်ပညာများကို စူးစမ်းလိုကြောင်း ပြသည်။

၃။ အချိန်နှင့်နေရာကိုအခြေခံ၍ မိမိ၏ပတ်ဝန်းကျင်ဒေသအကြောင်း စူးစမ်းလေ့လာတတ်လာမည်။

## အပိုင်း ၄။ သင်ယူမှုလုပ်ငန်းများနှင့် သင်ယူလုပ်ကိုင်ချိန်

**စဉ်းစားပါ။**

- သူငယ်တန်းကလေးတွေအနေနဲ့ ဘယ်လိုသင်ယူမှုလုပ်ငန်းတွေ လုပ်သင့်သလဲ။
- ကလေးတွေအတွက် ကစားချိန်ပေးထားသင့်ပါသလား၊ ဘာကြောင့်လဲ။

**ဖတ်ပါ။**

**သင်ယူမှုလုပ်ငန်းများနှင့် သင်ယူလုပ်ကိုင်ချိန်**

သူငယ်တန်းကလေးများသည် ယေဘုယျအားဖြင့် နေ့စဉ်သင်ယူမှုလုပ်ငန်း သုံးမျိုးတွင် ပါဝင် လုပ်ဆောင်ရင်း သင်ယူကြမည်ဖြစ်သည်။ အဆိုပါ လုပ်ငန်းသုံးမျိုးမှာ–

၁။ **ပုံမှန်လုပ်ငန်းများ။** နံနက်ပိုင်းစုဝေးချိန်၊ နားချိန် ၊ နေ့လယ်စာစားချိန်၊ ညနေပိုင်း မပြန်မီ စုဝေးချိန် စသည့်နေ့စဉ်ပုံမှန်လုပ်ဆောင်ရသည့် အချိန်များ

၂။ **ကစားခြင်း။** ကလေးများအနေဖြင့် စာသင်ခန်းအတွင်းတွင်ဖြစ်စေ၊ စာသင်ခန်းပြင်ပတွင် ဖြစ်စေ စုပေါင်းကစားခြင်း၊သို့မဟုတ်မိမိကိုယ်တိုင်စိတ်ကြိုက်ရွေးချယ်ကစားခြင်း၊သို့မဟုတ်သတ်မှတ် ထားသော ကစားရန်နေရာများတွင် နှစ်ယောက်တွဲ သို့မဟုတ် အုပ်စုလိုက်ကစားခြင်း

၃။ **ဆရာစနစ်တကျပြင်ဆင်ထားသည့်သင်ယူမှုလုပ်ငန်းများ။** သင်ယူမှုနယ်ပယ်အလိုက် မျှော်မှန်း ရလဒ်များကိုဦးတည်ပြီး အကြောင်းအရာတစ်ခုခုကို ဗဟိုပြုကာ စီစဉ်ထားသည့် သင်ယူမှု လုပ်ငန်းများ(ဥပမာ–ပုံပြောခြင်းလုပ်ငန်းကို ကိန်းဂဏန်းဆိုင်ရာ အသိသညာများရသွားစေရန် ဆောင်ရွက်နိုင်သကဲ့သို့ စာရိတ္တနှင့်ပတ်သက်သော အသိသညာပေးရန် အသုံးပြုနိုင်သည်)ဟူ၍ ဖြစ်သည်။

သူငယ်တန်းကလေးများအနေဖြင့် တစ်ရက်လျှင် သင်ယူချိန်(၄)နာရီရှိမည်ဖြစ်ပြီး၊ တစ်ပတ်လျှင် ကျောင်းတက်ရက် (၅)ရက်နှုန်းဖြင့် ရက်သတ္တပတ်ပေါင်း(၃၂)ပတ်အတွက် ကျောင်းတက်ရက်(၁၆၀) စုစုပေါင်း သင်ယူချိန် (၆၄၀)နာရီရှိမည် ဖြစ်သည်။

DBE BOX

**အကြံပြုချက်။**

သူငယ်တန်းသင် ဆရာ၊ဆရာမများသည် သူငယ်တန်းသင်ရိုးညွှန်းတမ်းအညွှန်းဘောင်ကို ကောင်းစွာနားလည်သဘောပေါက်ထားရန်လိုအပ်ပါသည်။ ယခင်ကကဲ့သို့ ဘာသာရပ်များကို ရှေးရိုးနည်းအတိုင်း သင်ကြားရန်မဟုတ်ဘဲ သူငယ်တန်းကလေးများ ဘက်စုံဖွံ့ဖြိုးမှုရရှိစေရန် နေ့စဉ်သင်ယူမှုလုပ်ငန်း (၃)မျိုးကို လုပ်ကိုင်ဆောင်ရွက်ရင်း သင်ယူသွားရမည်ဖြစ်သည်။ ထို့ကြောင့် ဆရာ၊ဆရာမများအနေဖြင့် ကလေးများအဆင်ပြေစွာ ကစားခြင်း၊ တီထွင်ဖန်တီးခြင်း၊ ပြောဆိုဆွေးနွေးခြင်း စသည်ဖြင့် သင်ယူလုပ်ကိုင်ခွင့်အားလုံးကို လေ့လာကြိုးကြပ်၍ အားပေးလှုံ့ဆော် မှုပြုသင့်ပါသည်။

**ပြန်လည်အသုံးချခြင်းလုပ်ငန်း။**

သင်လေ့လာသင်ယူခဲ့သော သူငယ်တန်းသင်ရိုးညွှန်းတမ်းအညွှန်းဘောင်ကို ပြန်လည်စဉ်းစားပါ။

သူငယ်တန်းသင် ဆရာ၊ဆရာမတစ်ဦးအနေနှင့် သူငယ်တန်းသင်ရိုးညွှန်းတမ်း အညွှန်းဘောင်ကို နားလည်သဘောပေါက်ခြင်းဖြင့် သင်ယူမှုလုပ်ငန်းများလုပ်ဆောင်ရန် ဘယ်လိုအထောက်အကူရနိုင်ပါသလဲ။

**သင်၏ထင်မြင်ချက်ကိုရေးသားပါ။**

**သင်၏လုပ်ဖော်ကိုင်ဖက်ဆရာ၊ဆရာမတစ်ဦးနှင့် ပြန်လည်ဆွေးနွေးကြည့်ပါ။**

## အပိုင်း ၅။ အခန်း(၃)အတွက် မိမိကိုယ်ကိုအကဲဖြတ်ခြင်း

**မင်္ဂလာပါ—**

အခန်း(၃)ကိုဖတ်ရှုလေ့လာပြီးဖြစ်သည်။ သင်ကောင်းစွာသင်ယူခဲ့ခြင်း ရှိ၊မရှိသိနိုင်ရန် အားလပ်ချိန်တွင် မိမိကိုယ်ကိုအကဲဖြတ်ပါ။

**ဖတ်ပြီးစဉ်းစားပါ။**

ပေးထားသောမေးခွန်းများကို လွယ်ကူစွာအခက်အခဲမရှိ ဖြေနိုင်ပါသလား၊ ဖြေနိုင်ပါက သင်ကောင်းစွာသိရှိသွားပြီဖြစ်သည်။

၁။ သင်ရိုးညွှန်းတမ်းဆိုတာဘာလဲ။

၂။ သူငယ်တန်းသင်ရိုးညွှန်းတမ်းကိုဘယ်လိုရေးဆွဲထားသလဲ။

၃။ သင်ယူဖွံ့ဖြိုးမှုနယ်ပယ်(၆)ခုကဘာတွေလဲ။

၄။ မူကြိုသူငယ်တန်းနှင့်မူလတန်းသင်ယူမှုနယ်ပယ်များဘယ်လိုချိတ်ဆက်ထားသလဲ။

၅။ သင်ယူဖွံ့ဖြိုးမှုနယ်ပယ်တစ်ခုချင်းအလိုက်မျှော်မှန်းထားသော သင်ယူမှုရလဒ်များက ဘာတွေလဲ။

၆။ သင်ယူမှုလုပ်ငန်း(၃)မျိုးကဘာတွေလဲ။

DBE BOX

၇။ သူငယ်တန်းကလေးတွေအတွက် သင်ယူချိန်ဘယ်လောက်ရှိလဲ။

အောက်ပါမေးခွန်းများကို ရိုးသားမှန်ကန်စွာ **'ဟုတ်ပါသည်'** ဟု ဖြေနိုင်ပါမည်လား။ ဖြေဆိုနိုင်ပါက သင်ကောင်းစွာ ပြန်လည်အသုံးချနိုင်ခဲ့ပြီဖြစ်သည်-

သင်၏ စာသင်ကြားချိန်တွင် သူငယ်တန်းသင်ရိုးညွှန်းတမ်း၏ ရည်ရွယ်ချက်များအတိုင်း သင်ယူမှုလုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ခဲ့ပါသလား။

သင်ကောင်းစွာသိရှိသွားပြီဆိုပါက အခန်း(၄) သို့ဆက်သွားပါ။ အချို့အချက်များနှင့် ပတ်သက်ပြီး မရှင်းလင်းသေးပါက သင်၏လုပ်ဖော်ကိုင်ဖက်များနှင့်အတူ အခန်း(၃)ကို ထပ်မံလေ့လာပါ။ သို့ရာတွင် အောက်ပါလုပ်ငန်းများကို ကိုယ်ပိုင်အားလပ်ချိန်တွင်ကြိုးစားပြုလုပ်ပါ-

- မရှင်းလင်းသေးသည့် အပိုင်းများကို ပြန်ဖတ်ပါ။
- လုပ်ဖော်ကိုင်ဖက်များကို မေးမြန်းဆွေးနွေးပါ။

---॥---

DBE BOX